# အသေးစိတ် အချက်အလက် လမ်းညွှန်

## အာဟာရဓာတ်များညီမျှမှု။ ။ သီးနှံပင်စိုက်ပျိုးထုတ်လုပ်မှု နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှု တို့အတွက် အရေးပါသည်

**လူ နှင့် အပင်တို့သည် ပုံမှန်ဖွံ့ဖြိုးကြီးထွားရန် နှင့် ကျန်းမာကြံ့ခိုင်ရန် အာဟာရဓာတ်များညီမျှစွာရရှိရန် လိုအပ် သည်။** လူတို့သည် အစားအစာ အမျိုးမျိုးကို လိုအပ်သော်လည်း အပင်များမှာမူ ကြီးထွားရန်အတွက် အာဟာရဓာတ် ၁၇ မျိုးကိုသာ ညီညီမျှမျှလိုအပ်သည်။ ကာဗွန်(C)၊ ဟိုက်ဒရိုဂျင် နှင့် အောက်စီဂျင်ကို လေနှင့် ရေမှ ရရှိသည်။ ကျန်ရှိနေသော အာဟာရဓာတ်များကိုမူ အပင်အမြစ်များမှ တစ်ဆင့် မြေကြီးထဲမှ ရရှိသည်။ သီးနှံပင်များ အာဟာရဓာတ်ရရှိမှု ညီမျှလျှင် ပတ်ဝန်းကျင်ကိုပါ ကာကွယ်ရာရောက်သည်။

**အာဟာရဓာတ်များညီမျှစွာ သုံးစွဲမှု မှန်ကန်လျှင် အကျိုးသက်ရောက်မှု ပိုများသည်။** အခြားသော သတ္တုအာဟာရ ဓာတ် ၁၄ မျိုးသည် အပင်ဖွံ့ဖြိုးကြီးထွားရန်လိုအပ်သော်လည်း လိုအပ်သည့် ပမာဏများမှာမူ မတူညီကြပေ။ ဥပမာ - အပင်တစ်ပင်တွင် နိုက်ထရိုဂျင် (N) ပါဝင်မှု သည် မိုလစ်ပဒီနမ် ပါဝင်မှု ထက် အဆ တစ်သန်းခန့် ပါဝင်နိုင်သော်လည်း သီးနှံပင်ရှင်သန်ကြီးထွားရန် အာဟာရဓာတ်နှစ်မျိုးစလုံးကို လိုအပ်သည်။ အပင်တွင် အာဟာရဓာတ် တစ်မျိုးမျိုး ချို့တဲ့နေလျှင် ကြီးထွားမှုနှင့် လုပ်ငန်းစဉ်များ ညံ့ဖျင်းလာမှုတို့ကြောင့် ကျန်ရှိသော အာဟာရဓာတ် များကိုပါ ကောင်းမွန်စွာ အသုံးမချနိုင်တော့ပေ။

ဥပမာအားဖြင့် N ပမာဏသည် ဖော့စဖရတ်(P)၊ ပိုတက်စီယမ် နှင့် အခြားသော အရှိမဖြစ်လိုအပ်သည့် အာဟာရဓာတ်တို့ အချိုးအစားညီမျှပါက သီးနှံအထွက်နှုန်း တိုးစေသည့်ပြင် N အသုံးပြုမှုစွမ်းအားလည်း ပိုကောင်းစေသည်။ ထိုအခါ သီးနှံပင်သည် N ကို ပိုအသုံးချ၍ မြေကြီးထဲ တွင် ညစ်ညမ်းစေသောပစ္စည်းအဖြစ် မကျန်ရှိတော့ပါ။ Kansas တွင်လေ့လာမှုအရ နှစ်ပေါင်း ၄ဝ အကြာ ရေသွင်းစိုက်ပျိုးသော ပြောင်းစိုက်ခင်းတွင် N နှင့် P များကို အချိုးကျထည့်ခြင်းဖြင့် အထွက်နှုန်းကို တိုးစေသည့်အပြင် နိုက်ထရိုတ် ($NO_3$–N) မြေကြီးထဲတွင် ကျန်ခဲ့မှုကိုလျော့နည်းစေသည်။

**အာဟာရဓာတ်များကို ညီမျှစွာသုံးစွဲခြင်း၏ အခြားသော အကျိုးကျေးဇူးမှာ သီးနှံပင်မှ ရေအသုံးပြုမှု စွမ်းအားကို ကောင်းစေသည်။** အရေးကြီးသော အာဟာရဓာတ်များကို မှန်ကန်သော အချိုးများ ထည့်ပေးခြင်းဖြင့် ရေအသုံးပြုမှုစွမ်းအားကို နှစ်ဆအထိ တိုးတက်စေသည်။ အာဟာရဓာတ်များကို ကောင်းမွန်မှန်ကန်စွာ ထည့်ပေးခြင်းဖြင့် ရေအသုံးပြုမှုစွမ်းအားကို အားပေးပြီး၊ မြေဖုံးကာပင်များ နှင့် အပင်အမိုးဖြစ်ထွန်းမှု တို့ကိုလည်း ကောင်းမွန်စေသည်။ သို့ဖြစ်၍ ကျန်းမာသော သီးနှံပင်သည် သုံးစွဲသည့်ရေပမာဏခြင်းတူစေကာမူ အထွက်နှုန်းကို ပိုကောင်းစေသည်။

**အာဟာရဓာတ်များ ညီမျှစွာသုံးစွဲ၍ သီးနှံပင်များအထွက်နှုန်းကို တိုးစေသည့်အပြင် ကမ္ဘာကြီးပူနွေးလာမှုကို လည်း လျော့ချစေပါသည်။** သီးနှံအထွက်နှုန်းများတိုးခြင်းသည် မြေဧရိယာတူတူမှ အစားအစာများတိုးထုတ်ပေးပြီး မြေကြီးထဲတွင်လည်း C ကို ပိုသိုလှောင်စေသည်။ အာဟာရဓာတ်များကို ညီမျှစွာသုံးစွဲခြင်းသည် သီးနှံပင်များကို ကျန်းမာသန်စွမ်းစေပြီး မြေကြီးပေါ်သို့ မိုးစက်တို့ကြောင့်ဖြစ်စေသည့်



တိုက်စားမှုများနှင့် လေတိုက်စားမှုကိုလည်း ကာကွယ်ပေးသည်။ ရိတ်သိမ်းပြီးနောက် မြေမျက်နှာပြင်ပေါ်တွင် အကြွင်းအကျန်များထားခဲ့ခြင်းဖြင့် မြေတိုက်စားခြင်း၊ ရေတိုက်စားခြင်းများကို ကာကွယ်ရာရောက်သည်။

**မြေသြဇာကောင်းမွန်စွာရရှိသော သီးနှံပင်များသည် မြေဧရိယာတူတူမှာပဲ အထွက်နှုန်း ပိုမို ထုတ်နိုင် သည့်အတွက် အရေးကြီးသည့်လုပ်ငန်းများ (တောရိုင်း တိရစ္ဆာန်များအတွက်နေရာ နှင့် အပန်းဖြေစရာနေရာ) အတွက် မြေကိုချန်ပေးနိုင်သည်။** ကမ္ဘာ့လူဦးရေတိုးပွား လာသည်နှင့်အမျှ မြေနေရာများကျုံ့လာသည့်အတွက် ဤအချက်သည် အရေးပါသောအချက်ဖြစ်လာသည်။ သဘာဝမြေနှင့်သစ်တောများကို သုံး၍ စိုက်ပျိုးရေးလုပ် ခြင်းသည် မကောင်းသောဓာတ်ငွေ့ကို ၆-၁၇% ထုတ်လွှတ်သည့်အတွက် လက်ရှိမြေများတွင် ပိုတိုးထွက်အောင်စိုက် ပျိုးနိုင်ပါက မကောင်းသောဓာတ်ငွေ့နောက်ထပ်ထုတ်လွှတ်မှုများကို ရပ်တန့်ထားနိုင်မည်ဖြစ်သည်။

**သီးနှံအထွက်တိုးရေးလုပ်ရာတွင် အစားအစာလုံလောက်အောင် ထုတ်လုပ်မှု နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်မှုတို့ ညီမျှအောင် ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။** သီးနှံပင်အာဟာရဓာတ်များနှင့် မှန်ကန်သောစိုက်ပျိုးနည်းစနစ်များ အသုံးပြုခြင်းဖြင့်သာ ဤအချက်ကို အကောင်ထည်ဖော်နိုင်မည်ဖြစ်သည်။

## ဖတ်သင့်သော စာအုပ်စာစောင်များ


Burney,J. A., S.J. Davis, and D.B. Lobell. 2010. In Proceedings of National Academy of Science 107 (26): 12052-12057.

Foley, J.A. et al., 2011. Nature 478:337-342.

Schlegel, A.J.,K.C. Dhuyvetter, and J.L. Havlin. 1996. Journal of Production Agriculture 9:114-118.



INTERNATIONAL PLANT NUTRITION INSTITUTE

Southeast Asia Program, Penang, Malaysia
Email: seap@ipni.net http://seap.ipni.net



Canpotex Growing Relationships. Since 1972.

မှ အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာပြန်ဆိုမှုကို ထောက်ပံ့ပေးပြီး

wilmar

မှ မြန်မာပြည်အတွင်း ဖြန့်ချီမှုကို ထောက်ပံ့ပေးပါသည်။

ဤအသေးစိတ် အချက်အလက် လမ်းညွှန်သည် IPNI အပြည်ပြည်ဆိုင်ရာ အပင်အာဟာရအဖွဲ့အစည်း မှ သိပ္ပံပညာရှင်များ ရေးသားထားသော အပင်အာဟာရလမ်းညွှန်စာအုပ်ထဲမှ ကောက်နုပ်ထားသော လမ်းညွှန်တွဲမှ တခုဖြစ်သည်။ ဤလမ်းညွှန်များကို www.ipni.net/publications PDF ဖိုင်တွင်ဖတ်၍ ရနိုင်ပါသည်။

IPNI SEAP Contribution No. SSB2015-04